# Should the sex industry be legalized?
# ပြည့်တန်ဆာလုပ်ခွင့်ကို တရားဝင်ခွင့်ပြုသင့်သလား?

## SEG I

"ပြည့်တန်ဆာတိုက်ဖျက်ရေးဥပဒေကြောင့် အဖမ်းဆီးရှိခဲ့တယ်။ ဒီနိုင်ကွပ်ရေးဥပဒေကြောင့် ပြည့်တန်ဆာလျော့ကျသွားတာ မတွေ့ရဘဲ အကျိုးဆက်က ခွဲခြားမှု၊ နှိမ့်ချမှု နဲ့ အကြမ်းဖက်မှုတွေ ခေါင်းပုံဖြတ်တာတွေ လူကုန်ကူးတာတွေကို HIV ကာကွယ်ရေးလုပ်ခဲ့တာကာလတစ်လျှောက်လုံး ကြုံခဲ့ရတယ်။ တွေ့ခဲ့ရတယ်။"

**ဒေါ်နွယ်ဇင်ဝင်း ( အမှုဆောင်ဒါရိုက်တာ၊ ပြည်ကြီးခင်အဖွဲ့ )**

---

"မြန်မာပြည်မှာ အမျိုးဂုဏ် ဇာတိဂုဏ်ဆိုတာ ရှိတယ်။ ဇာတိပုညဂုဏ်မာနကို စောင့်ထိန်းဖို့ လိုတယ်။ ဒီမျိုးကို ခွင့်မပြုသင့်ဘူး။ "

**စာရေးဆရာ နေစိုးထက်**

---

" ဒီလိုလုပ်နေရတာ ပျော်သလားဘေဘီ" လို့ ဒီအလုပ်ကိုလုပ်နေတဲ့မိန်းကလေးတွေကို မေးကြည့်။ သေချာတယ် သူတို့ ပျော်နေတယ်လို့ ဘယ်သူမှဖြေမှာမဟုတ်ပါဘူး။"

**ဒေါက်တာစိုးနိုင် ၊( အမှုဆောင်ဒါရိုက်တာ၊ Alliance Myanmar@ မဟာမိတ် )**

---

"ဒီလိုအလုပ်မျိုးက ရုန်းမထွက်နိုင်တဲ့သူတွေကို ဘယ်လိုကာကွယ်မှုပေးမလဲ။ ဒီအလုပ်ကို ဘယ်သူမှ ပျော်မွေ့မနေပါဘူး။ မျိုးရိုးဂုဏ်ဇာတိဂုဏ်ကိုလူတိုင်းထိန်းသိမ်းချင်ပါတယ်။ ဒါပေမယ့် ကျမတို့ ငတ်နေတဲ့ အချိန်မှာ ဘယ်သူထိန်းသိမ်းမလဲ။ သားသမီးတွေ ကိုယ့်ကြောင့်နာမည်ပျက်မှာကို သူတို့ လည်းစိုးရိမ်ပါတယ်။"

**နော်သာဝါး (ညွှန်ကြားရေးမှူး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဌာနခွဲ လူမှုဝန်ထမ်းဦးစီးဌာန )**

---

**SEG II**

"တရားဝင်ခွင့်ပြုသင့်တယ်။ အစိုးရကို ဒီလုပ်ငန်းတွေက တရားဝင်အခွန်ဆောင်မယ်။ ကျန်းမာရေး စောင့်ရှောက်မှု တွေပေးရမယ်။ဒါက အသက်မွေးဝမ်းကြောင်း လုပ်ငန်းတစ်ခုပါ။ ကျနော်အမြင်အရ ပြည့်တန်ဆာလုပ်ငန်းရဲ့ အဓိက စားသုံးသူဟာ အမျိုးသားတွေဖြစ်နေတယ်။ ဖြစ်နိုင်ရင် မိန်းမတွေကို ပစ်မှတ်ထားတဲ့ လိင်လုပ်ငန်းကိုတောင် လုပ်စေချင်တယ်။ ကျားမသဘာဝအရ လိင်ကိစ္စဆိုတာ လူတိုင်း မကင်းလွတ်နိုင်ဘူး။"

**အထူးဧည့်သည် ၊ကိုထူးကျော်ဝင်း( စာရေးဆရာ၊ လူ့ အခွင့်အရေးတက်ကြွလှုပ်ရှားသူ )**

-----------------------------------------------------------------------------------------------------------

**SEG III**

"ထောင်ကျရင်တောင် သူတို ့က အနိမ်ခံလူစားထဲမှာပါတယ်။ ထောင်ကပြန်လွတ်လာရင်လည်း သူတို ့က ဒီနေရာ မသွားနဲ့ ဆို မသွားရဘူး။ သွားရင် အဖမ်းခံရပြန်တယ်။ ဒါတွေဟာ ကျမတို့ နိုင်ငံရဲ့ စီးပွားရေးမကောင်းလို့ ဒီပြဿနာတွေ ပိုများလာတယ်လို့ ကျမမြင်တယ်။ သူတို့ အတွက်လိုအပ်တာက အကာကွယ်ပေးတဲ့ဥပဒေပါ။"

**အထူးဧည့်သည်၊ နော်အုန်းလှ (ဒီမိုကရေစီနှင့်အမျိုးသမီးငြိမ်းချမ်းရေးအဖွဲ့ )**

-----------------------------------------------------------------------------------------------------------

"သူတို ့မှာလုံခြုံမှုမရှိဘူး။ အကာကွယ်မဲ့နေတယ်။ သူတို ့ကို ပါဝါကြီးတဲ့အဖွဲ ့တွေက အကြမ်းဖက်ပြီး သူတို့ မဖြစ်ချင်ပဲ ဖြစ်ရတာမျိုး၊ လူကုန်ကူးခံရတာမျိုးတွေ အများကြီးရှိတယ်။ တခါလောက်အဖမ်းခံရပြီဆိုရင် ဒီလူတွေ သူ ့ဘာသာသူကောင်းရောင်းကောင်းဝယ်လုပ်နေရင်လည်း မကောင်းဘူးလို ့အထင်ခံရတယ်။ ဒါကြောင့် မထူးဇာတ်ခင်းကြတယ်။"

**အထူးဧည့်သည် ၊ ဒေါ်ကက်သလင်းသိန်း ( အမျိုးသမီးအဖွဲ့ ကွန်ရက် WON )**

-----------------------------------------------------------------------------------------------------------

"တော်တော်များကတော့ ပြည့်တန်ဆာတွေကို နလုံးသားနဲ ့မကြည့်တတ်ကြဘူး။ ဘာလို ့လဲဆိုတော့ တကယ်ဆင်းရဲပြီး တကယ်ဒုက္ခရောက်နေတဲ့သူတွေရဲ ့နောက်ခံတွေကို မလေ့လာမိကြလို ့ဒီလိုလုပ်ဆောင်မှု မျိုးက ကောင်းတယ်မကောင်းဘူး ငြင်းခုံနေကြတာပါ။"

**ပရိသတ်၊ မနှင်းနှင်းယု ( Alliance Myanmar @ မဟာမိတ်)**

----------------------------------------------------------------------------------------------------------------